# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၇၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
## (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာတဲ့ ဧည့်သည်တော်များ အားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦးရှိတဲ့အနက် ၃၈၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၃၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၈ ရက်၊

(၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃) ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ ခွင့် ၁ ရက်၊

(၄) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း အစည်းအဝေးပြီးဆုံးသည်ထိ၊

**မူကြမ်း**

(၅) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၆) မံစီမဲဆန္ဒနယ်မှ ဦးသိန်းထွန်း(ခ)ဦးထွန်းထွန်း ခွင့် ၄ ရက်၊

(၇) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၈) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက်၊

(၉) မြိတ်မဲဆန္ဒနယ်မှာ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၁၀) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၁၁) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်း ခွင့် ၁ ရက်၊

(၁၄) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ရက်၊

(၁၅) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၁၆) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၇) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၈) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်နှင့်

(၁၉) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**အစိုးရဌာနများတွင် လုပ်ငန်းများအား မည်သည့်ပေါ်လစီဖြင့် တင်ဒါစနစ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဂွမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေ့ ကျွန်တော်တို့မြန်မာနိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု ပြုနေတဲ့အချိန်ကာလဖြစ်ပါတယ်။ ကျွန်တော်တို့ အတိတ်ကာလက ဆိုရှယ်လစ်စနစ်နဲ့ ချီတက်ခဲ့ရတယ်။ ဒီနောက် နဝတ၊ နယကအစိုးရလက်ထက်မှာ နိုင်ငံခြားပိတ်ဆို့အရေးယူမှုတွေကို ကိုယ့်ခြေထောက်ကိုယ်ရပ်တည်နိုင်အောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဒီအစိုးရဌာနအသီးသီးက ဆောက်လုပ်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းတွေကို ခိုင်ခိုင်မာမာရပ်တည်နိုင်အောင်ဆိုပြီးတော့ တောင့်တင်းခိုင်မာအောင်ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာ ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိကကဏ္ဍကို ပြန်ပြီးတော့ အားဖြည့်ရမှာဖြစ်တဲ့အတွက်ကြောင့် ကုမ္ပဏီပေါင်း ၄၉၀၀၀ ကျော်ကို ခေါ်လာခဲ့ပါတယ်။ ဒါ့အပြင် ဒီနေ့ ၂၀၁၃ ခုနှစ်လောက်ကစပြီး နိုင်ငံပိုင်သတင်းစာများမှာ အစိုးရဌာနများက လုပ်ငန်းများကို တင်ဒါခေါ်ယူတဲ့ ကြော်ငြာတွေဟာ နေရာတော်တော်များများယူထားတာကို ကြည့်ခြင်းအားဖြင့် အစိုးရရဲ့လုပ်ငန်း တော်တော်များများကို တင်ဒါစနစ်နဲ့ ပုဂ္ဂလိကများကို ပြန်ပြီးပေးနေရကြောင်းသိရ

ပါတယ်။ ဒါပေမဲ့ လက်တွေ့အခြေအနေကို ဆန်းစစ်ကြည့်မယ်ဆိုလို့ရှိရင် ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အတွေ့အကြုံ၊ နည်းပညာရင့်ကျက်မှုအပိုင်းမှာရော၊ စက်ယန္တရားအင်အားတောင့်တင်းမှုအပိုင်းမှာရော အစိုးရဌာနတွေက များစွာသာလွန်ကြောင်း တွေ့ရပါတယ်။ အဲဒီတော့ ဒီနေ့ တချို့အစိုးရဌာနတွေက အင်ဂျင်နီယာအင်အား တောင့်တောင့်တင်းတင်းရှိပါလျက်နှင့် ကိုယ်လုပ်နိုင်တဲ့လုပ်ငန်းတော်တော်များများကို တင်ဒါစနစ်နဲ့ ပုဂ္ဂလိကတွေကို ပြန်ပြီးတော့ပေးနေတာတွေ့ရပါတယ်။

အချုပ်အားဖြင့်ဆိုလျှင် ဌာနတွေက ယန္တရားတွေရဲ့ တစ်နှစ်မှာလုပ်တဲ့ Working Hour ဆိုတဲ့ အလုပ်ချိန်ဟာ နာရီ ၅၀၀ လောက်ပဲရှိရမယ်။ ကိုယ့်ဌာနကယန္တရားတွေကို အပြည့်အဝအသုံးမပြုဘဲနဲ့ တင်ဒါခေါ်တဲ့ပုံစံမျိုးလည်းရှိနေပါတယ်။ ဒီကိစ္စဟာ နိုင်ငံတော်အနေနဲ့ ပြန်ပြီးဆန်းစစ်ပြီးတော့ တင်ဒါခေါ်ယူခြင်းကြောင့် လုပ်ငန်းတွေဟာ အရည်အသွေးကောင်းမွန်ပါသလား။ ဒါမှမဟုတ်ရင် ကုန်ကျမှုကောသက်သာပါသလားဆိုတာတွေကို ပြန်ပြီးဆန်းစစ်ဖို့ လိုတဲ့အတွက်ကြောင့် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဒီနေ့ နိုင်ငံတော်မှာ အစိုးရဌာနကလုပ်ငန်းများကို ဘယ်လိုပေါ်လစီနဲ့ တင်ဒါစနစ်ဖြင့် ဆောင်ရွက်နေပါသလဲဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမြဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ မေးမြန်းတဲ့မေးခွန်းကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်းက ဖြေကြားရှင်းလင်းမှာဖြစ်ပါတယ်။ အစိုးရဌာနအဖွဲ့အစည်းတွေကို တင်ဒါခေါ်ယူဆောင်ရွက်တဲ့အခါမှာ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိဖို့အတွက် နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ ၅-၄-၂၀၁၃ ရက်စွဲနဲ့ ညွှန်ကြားချက်အမှတ်(၁/၂၀၁၃)ဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းများတွင် ဝယ်ယူရေးဆိုင်ရာတင်ဒါများနှင့်

စပ်လျဉ်း၍လည်းကောင်း၊ တည်ဆောက်မှုဆိုင်ရာတင်ဒါများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဝန်ဆောင်မှုတင်ဒါများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ငှားရမ်းရောင်းချရေးတင်ဒါများနှင့် စပ်လျဉ်း၍လည်းကောင်း လိုက်နာဆောင်ရွက်ဖို့ ညွှန်ကြားချက်တွေကို ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရအဖွဲ့အစည်းတွေဟာ နိုင်ငံတော်ဘတ်ဂျက်နဲ့ဆောင်ရွက်တဲ့ ပစ္စည်းဝယ်ယူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းတွေအတွက် ငွေပမာဏနည်းမယ်ဆိုရင် ဈေးနှုန်းတင်သွင်းလွှာများ ခေါ်ယူ၍လည်းကောင်း၊ ငွေပမာဏများမယ်ဆိုရင် အိတ်ဖွင့်တင်ဒါကို ပွင့်လင်းမြင်သာမှုရှိစေဖို့အတွက် နိုင်ငံတော်သတင်းစာတွေမှာ ထည့်သွင်းကြော်ငြာ၍လည်းကောင်း ခေါ်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တင်ဒါရွေးချယ်ဖို့အတွက် တင်ဒါခေါ်ယူရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးကော်မတီတို့ကိုလည်း ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလို တင်ဒါစနစ်နဲ့ဆောင်ရွက်တဲ့အခါမှာ ဝန်ကြီးဌာနအလိုက် ဒီတင်ဒါစည်းမျဉ်းစည်းကမ်းတွေနဲ့ ဆောင်ရွက်ပုံချင်းက မတူညီကြတဲ့အတွက်ကြောင့်မို့လို့ ဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး တင်ဒါခေါ်တဲ့အခါမှာ တစ်ပြေးညီပုံစံဖြစ်စေဖို့အတွက်နဲ့ နိုင်ငံတော်ရဲ့စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်တဲ့အခါမှာ လွယ်ကူချောမွေ့မြန်ဆန်စေဖို့အတွက် တည်ဆောက်ရေးလုပ်ငန်းတွေ တင်ဒါခေါ်ယူစာချုပ် ချုပ်ဆိုတဲ့အခါမှာ လိုက်နာကျင့်သုံးရမယ့်ဥပဒေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်းနိုင်ဖို့နှင့် ဝန်ကြီးဌာနအသီးသီးရဲ့ ကန်ထရိုက်စနစ်နဲ့ခွင့်ပြုတဲ့လုပ်ငန်းတွေမှာ တူညီတဲ့မူဝါဒတွေကိုအခြေခံပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက Focal Ministry အဖြစ်ဦးဆောင်ပြီးတော့ United Nation Office for Project Services(UNOPS) Myanmar ရဲ့ အကြံဉာဏ်ကိုရယူပြီးတော့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်စာချုပ်ကို ရေးဆွဲခဲ့ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကနေပြီးတော့ ၈-၁-၂၀၁၄ ရက်နေ့မှာ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသအားလုံးကို လုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ လိုက်နာကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်ချက်အနေနဲ့ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ အစိုးရဌာနအဖွဲ့အစည်းတွေအနေနဲ့ ဒီတင်ဒါခေါ်ယူရတဲ့ရည်ရွယ်ချက်ကတော့ မိမိဌာနမှာ ဆောင်ရွက်ရမယ့်လုပ်ငန်းဟာ ဌာနအနေနဲ့ ကျွမ်းကျင်သူ အခက်အခဲရှိတဲ့အတွက်ကြောင့်မို့လို့ ဌာနအစားဆောင်ရွက်နိုင်တဲ့ ပုဂ္ဂလိက ဒါမှမဟုတ် အစုအဖွဲ့ကို ငှားရမ်းပြီးဆောင်ရွက်စေတဲ့အခါမှာ ဆောင်ရွက်တဲ့ တစ်ဦးတစ်ယောက်ကဖြစ်စေ၊

အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ် ဒါမှမဟုတ်ရင် ဈေးကစားမှုပြုခြင်းအားဖြင့် အများပြည်သူတို့ရဲ့ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်နိုင်ဖို့အတွက် လုပ်ငန်းရှင်တွေကို တင်ဒါခေါ်ယူဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

အဲဒီလို တင်ဒါစည်းကမ်းများ၊ လုပ်ငန်းလမ်းညွှန်ချက်တွေနှင့်အညီ ဆောင်ရွက်လျက်ရှိတဲ့အခါမှာ ကျွမ်းကျင်အင်ဂျင်နီယာရှိတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စတဲ့ဌာနတွေအနေနဲ့ကတော့ သူ့ဌာနမှာရှိတဲ့ လူအင်အား၊ စက်ယန္တရားအင်အားရရှိနိုင်မှု၊ လုပ်ငန်းပမာဏနှင့် တာဝန်ပေးအပ်မှုအပေါ်မှာမူတည်ပြီးတော့ ဌာနဝန်ထမ်းတွေကို တာဝန်ပေးပြီးတော့ ဆောင်ရွက်စေပါတယ်။ အဲဒီလို ဆောင်ရွက်လျက်ရှိသလိုပဲ ရာသီဥတုကိုမှီပြီးတော့ ဆောင်ရွက်ရတဲ့လုပ်ငန်းတွေ၊ သတ်မှတ်ချိန်အတွင်းမှာ ပြီးစီးအောင်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ၊ ဌာနကအင်ဂျင်နီယာ၊ ယန္တရားအင်အားတွေနဲ့ တည်ဆောက်ဖို့ လုံလောက်မှုမရှိတဲ့လုပ်ငန်းတွေကိုတော့ ကျွန်မတို့ ပြင်ပကလုပ်ငန်းရှင်တွေနဲ့ ဆောင်ရွက်ဖို့ တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းအားဖြင့်လည်း ပုဂ္ဂလိကပိုင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုပါတယ်။ ဌာနက လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ကိစ္စတွေကိုလည်း ဌာနကနေပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျွမ်းကျင်အင်ဂျင်နီယာမရှိတဲ့ ဝန်ကြီးဌာနအနေနဲ့ကတော့ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့ရဲ့ တင်ဒါစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ လိုက်နာကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်ချက်တွေနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ့်လုပ်ငန်းရဲ့ ပြီးမြောက်မှု၊ အရည်အသွေးနဲ့ကတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေပြီးတော့ တာဝန်ယူကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဝန်ကြီးဌာနက ခွင့်ပြုထားသော ဆက်သွယ်ရေးအော်ပရေတာ မည်မျှရှိ၍ ၎င်းအော်ပရေတာတစ်ခုစီမှ ဝန်ကြီးဌာနသို့ နှစ်အလိုက်ပေးသွင်းငွေ မည်မျှဖြစ်ပြီး ယနေ့အထိ SIM ကတ်များ၊ ငွေဖြည့်ကတ်များ ရောင်းရငွေ၊ Internet ဝန်ဆောင်မှုမှရငွေ မည်မျှရှိသည်၊ နိုင်ငံခြားဖုန်း ကုမ္ပဏီများကို ခွင့်ပြု ထားသည့် သဘောတူညီချက်သည် မည်သည့်ကာလအတွက်ဖြစ်သည်နှင့် မည်သို့သောအခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးသည်တို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ မကြာမီကပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ဆက်သွယ်ရေးအော်ပရေတာများက ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ဆိုင်းငံ့ထားရန်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါကိစ္စမှာ ဆက်သွယ်ရေးလုပ်ငန်းအော်ပရေတာလုပ်ငန်းလိုင်စင်ရရှိသော ကုမ္ပဏီများမှ ဆက်သွယ်ခ ကြိုတင်ပေးသွင်းငွေကို ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက်ပြီးမှ ကျန်ရှိသည့်ငွေပမာဏကိုသာ ဆက်သွယ်ခပြောရန် စာရင်းထည့်သွင်းပေးမှု ဥပမာ ငွေကျပ် ၁၀၀၀ ထည့်ပါက ၉၅၀ ကျပ်ဖိုးသာ ပြောခွင့်ရမယ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူလူထုမှ မကျေနပ်ချက်တွေဖြစ်ပေါ်ပြီးတော့ သက်ဆိုင်ရာကုမ္ပဏီများကို ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံမှုအား ဆိုင်းငံ့ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ ထိုကဲ့သို့ဆုံးဖြတ်ခဲ့ခြင်းမှာ သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် လက်ရှိကောက်ခံနေသောနှုန်းထားများအရ စီးပွားရေးအခက်အခဲရှိနေမည်လားဟု စဉ်းစားကာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ ယနေ့ နိုင်ငံတော်တော်များများတွင် ကြိုတင်ငွေပေးစနစ်ဖြင့် ဆက်သွယ်ရေးစနစ်များရှိပါသည်။ မိမိအနေဖြင့်လည်း ထိုနိုင်ငံများကို ရောက်ရှိဖူးပါသည်။ ထိုနိုင်ငံများတွင် မိမိအနေဖြင့် မိမိ၏တယ်လီဖုန်းငွေစာရင်းသို့ ဒေါ်လာ ၁၀၀ ထည့်သွင်းလိုက်ပါက မိမိ၏ တယ်လီဖုန်းတွင် ဒေါ်လာ ၁၀၀ လက်ခံရရှိပြီး စာရင်းပေးသွင်းသည်ကို တွေ့ရှိရပါသည်။ ယခု မြန်မာနိုင်ငံတွင် ဤကဲ့သို့ ၁၀၀၀ သွင်းလျှင် ၉၅၀ သာ စာရင်းသွင်းပေးခြင်းမျိုးမဟုတ်ပါ။ သို့ပါ၍ မိမိနိုင်ငံရှိ အော်ပရေတာများသည် ပြည်သူများထံမှ ကောက်ခံရရှိငွေကို ၁၀၀ ရာခိုင်နှုန်းအပြည့် ပေးသွင်းပြီး ၎င်းရရှိငွေမှ ၅ ရာခိုင်နှုန်းကိုသာ နိုင်ငံတော်သို့ အခွန်ဖြင့်ပေးသွင်းသင့်သည်ဟု ယူဆပါသည်။

**မူကြမ်း**

သို့ပါ၍ လွှတ်တော်မှ စဉ်းစားဆွေးနွေးပေးခဲ့သော သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံထားရှိမှုနှင့်ဝင်ငွေစီးပွားရေးတွက်ချေကိုက်ညီမှုရှိ/မရှိ စသည်တို့ကို သိရှိရန်လိုအပ်ပါသဖြင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါသည်။ (၁) ဝန်ကြီးဌာနမှခွင့်ပြုထားသော ဆက်သွယ်ရေးအော်ပရေတာမည်မျှရှိပါသနည်း။ (၂) ၎င်းအော်ပရေတာတစ်ခုစီမှ ဝန်ကြီးဌာနသို့ ပေးသွင်းရသောငွေကြေးပမာဏနှင့် မည်သည့်နှစ်ကာလအတွက်ဖြစ်သည်ကို ဖော်ပြပေးပါရန်။ (၃) ၎င်းအော်ပရေတာများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုအခြေခံအဆောက်အအုံအတွက် မည်မျှရှိပါသနည်း။ မည်မျှနိုင်ငံအတွင်းသို့ တင်သွင်းပြီး ဖြစ်ပါသနည်း။ ၎င်းအော်ပရေတာများအနေဖြင့် SIM ကတ်နှင့် ငွေဖြည့်ကတ်တစ်ခုစီအတွက် ကုန်ကျစရိတ်မည်မျှရှိပါသနည်း။ (၅) သက်ဆိုင်ရာအော်ပရေတာများမှ လုပ်ငန်းစတင်သည်မှ ယနေ့အထိ ရောင်းချပြီးသော SIM ကတ်များ၏ ရောင်းချရငွေ၊ ငွေဖြည့်ကတ်ရောင်းချရငွေ မည်မျှရှိသည်၊ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများမှ ရရှိငွေမည်မျှရှိသည်နှင့် ၎င်းရရှိသော မြန်မာငွေများကို အမေရိကန်ဒေါ်လာအဖြစ် မည်မျှပြောင်းလဲပြီး မည်မျှကို နိုင်ငံခြားသို့ ပြန်လည်ပေးပို့ပြီးသည်ကိုလည်းကောင်း၊ (၆) ၎င်းကုမ္ပဏီများကို ခွင့်ပြုထားသည့် သဘောတူညီချက်သည် မည်သည့်နှစ်ကာလအတွက် ဖြစ်သည်ကိုလည်းကောင်း၊ (၇) ၎င်းကုမ္ပဏီများအနေဖြင့် မည်သို့သော အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များရရှိထားသည်တို့ကို သိရှိလိုပါသဖြင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ကျွန်တော့်အနေနဲ့ ဦးစွာပထမ ဆန္ဒပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ရဲ့ မေးခွန်းများနှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာနမှ မြန်မာနိုင်ငံတစ်ဝှမ်း ဆက်သွယ်ရေးဝန်ဆောင်မှုများကို ဆောင်ရွက်ရာတွင် Nationwide Telecommunication License ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ Ooredoo Myanmar Limited နှင့် Telenor

Myanmar Limited တို့ကို လိုင်စင်များချထားပေးပြီး တယ်လီဖုန်းဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ ကျွန်တော်တို့ အော်ပရေတာတွေအနေနဲ့ ဝန်ကြီးဌာနကိုပေးသွင်းရမယ့် ငွေကြေးပမာဏများမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM Co.,Ltd တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် (Joint Operation Agreement) စာချုပ်အရ ၁-၉-၂၀၁၄ ရက်နေ့မှာ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၃၃.၀၅ သန်း ၂.၀၃၃ ဘီလီယံကို KSGM Co.,Ltd ရဲ့ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သွားမှာဖြစ်ပြီး ဒီရင်းနှီးမြှုပ်နှံမှုငွေအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နှစ်အလိုက် အချိုးကျပြန်လည်ပေးဆပ်သွားမှာဖြစ်ပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် SIM ကဒ်တစ်ခု၏ ထုတ်လုပ်မှု ပျမ်းမျှကုန်ကျစရိတ်က ၂၅၀ ကျပ်ခန့်ဖြစ်သော်လည်း ဖြန့်ဖြူးမှုကုန်ကျစရိတ်၊ ကဒ်၏အရည်အသွေးနှင့် မှတ်ဉာဏ်ပမာဏ အပေါ်မူတည်ပြီးတော့ ၈၅၀ ကျပ်ခန့်ကနေပြီးတော့ ၁၁၅၀ ကျပ်ခန့်အထိ ကုန်ကျမည်ဖြစ်ပြီးတော့ ငွေဖြည့်ကဒ်တစ်ခုအတွက် ထုတ်လုပ်မှုပျမ်းမျှကုန်ကျစရိတ်က ၅၀ ကျပ်ခန့်ဖြစ်သော်လည်း အရောင်းကော်မရှင်ခနှင့် ဖြန့်ဖြူးမှု ကုန်ကျစရိတ်များအပါအဝင် ၁၀၀ ကျပ်ခန့်မှ ၂၅၀၀ ကျပ်ခန့်အထိ ကုန်ကျပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် KSGM Co.,Ltd နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လအထိ SIM ကဒ်စုစုပေါင်း ၈၆၆၉၀၀၀ ကျော် ရောင်းချထားပြီး ကော်မရှင်ကထုတ်နုတ်၍ ရောင်းရငွေကျပ် ၉.၁၅၄ ဘီလီယံရရှိခဲ့ပါတယ်။ မိုဘိုင်းတယ်လီဖုန်းပြောဆိုခနှင့် အင်တာနက်သုံးစွဲမှုအတွက် ကြိုတင်ငွေဖြည့်ကဒ်ရောင်းချရခြင်းကနေပြီးတော့ ၅၇၄.၉၆၇ ဘီလီယံရရှိခဲ့ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လိုင်းနှုန်းအခွန်အခပေးသွင်းရခြင်းမရှိပါဘူး။ ကျန်အော်ပရေတာများဖြစ်သည့် Ooredoo Myanmar Limited အနေနဲ့ ၁၅ နှစ်တာကာလအတွက် လိုင်းနှုန်းအခွန်အခပေးသွင်းရမည့် ငွေကြေးပမာဏဟာ အမေရိကန်ဒေါ်လာ ၁.၀၁ ဘီလီယံကို သုံးရစ်ပေးသွင်းရမှာဖြစ်ပြီးတော့ ၇၅ ရာခိုင်နှုန်းဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၇၅၇.၅ သန်းနှင့် ညီမျှတဲ့ ကျပ် ၇၄၁.၆၅၃ ဘီလီယံကို ရရှိထားပြီး ကျန် ၂၅ ရာခိုင်နှုန်းဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၂၅၂.၅ သန်း ကို ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာရရှိမှာဖြစ်ပါတယ်။ Telenor Myanmar Limited ကလည်း ပေးသွင်းရမည့် ငွေကြေးပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၅၀၀ အနက် ၇၅ ရာခိုင်နှုန်းဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၃၇၅

သန်းနှင့်ညီမျှတဲ့ ကျပ် ၃၆၇.၁၅၅ ဘီလီယံကို ရရှိထားပြီးတော့ ကျန် ၂၅ ရာခိုင်နှုန်းဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၁၂၅ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရရှိမှာဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ်အတွက် လိုင်စင်းနှစ်စဉ်ကြေးများအပြင် Telenor Myanmar Limited ထံမှ နှစ်စဉ်သက်ဆိုင်ရာဝင်ငွေ (Relevant Revenue) ၏ ၂ ရာခိုင်နှုန်းဖြစ်တဲ့ ၂၅၂.၈ ကျပ် သန်းအား ရရှိထားပြီးတော့ Ooredoo Myanmar Limited ထံမှနှစ်စဉ်သက်ဆိုင်ရာ ဝင်ငွေ (Relevant Revenue)၏ ၂ ရာခိုင်နှုန်းဖြစ်သော ကျပ်သန်း၁၃၇.၄၃၇ အား ရရှိထားပြီးဖြစ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် သက်ဆိုင်ရာဝင်ငွေ (Relevant Revenue)၏ ၂ ရာခိုင်နှုန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစပြီး နှစ်စဉ် ပေးသွင်းသွားရမှာဖြစ်ပါတယ်။ ဒါ့အပြင် အော်ပရေတာ သုံးဦးထံမှ လိုင်စင်ပထမနှစ်အတွက် လိုင်းနှုန်း စီမံခန့်ခွဲမှု အခွန်အခများနှင့် ဆက်သွယ်ရေးနံပါတ် သုံးစွဲမှုများအတွက် အခွန်အခများကိုလည်း သက်ဆိုင်ရာကာလများအလိုက် အချိန်နှင့်တစ်ပြေးညီကောက်ခံမှု စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု (Infrastructure) အခြေခံအဆောက်အဦများအတွက် Ooredoo Myanmar Limited အနေနဲ့မှ ကျပ်သန်း(၆၉.၅၄၃)ဘီလီယံအား ရင်းနှီးမြှုပ်နှံထားပြီးတော့ Telenor Myanmar Limited အနေနဲ့ ကျပ်သန်း(၂၀၃.၁၂၅)ဘီလီယံကို ရင်းနှီးမြှုပ်နှံထားရှိပြီးတော့ အခြေခံအဆောက်အဦများ တည်ဆောက်ဆဲကာလပဲဖြစ်ပါတယ်။ Ooredoo Myanmar Limited နှင့် Telenor Myanmar Limited အနေနဲ့ SIM Card တစ်ခုအတွက် ကုန်ကျစရိတ်က ပျမ်းမျှ ၂၅၀ ကျပ်နှင့် ငွေဖြည့်ကတ် တစ်ခုအတွက် ကုန်ကျစရိတ်မှာ ပျမ်းမျှ ၅၀ ကျပ်ရှိပေမယ့် အရောင်းကော်မရှင်ခနှင့် ဖြန့်ဖြူး ကုန်ကျစရိတ်တို့ ထည့်သွင်းတွက်ချက်ပါက ယခုထက်ပိုမိုကုန်ကျမှာပဲ ဖြစ်ပါတယ်။

Ooredoo Myanmar Limited ဟာ SIM Card စုစုပေါင်း ၃၃၂၉၀၀၀ ကျော် ရောင်းချ ထားပြီးတော့ ငွေဖြည့်ကတ်ရောင်းချရ မှုမှာ ကျပ် (၆၄.၁၅၄)ဘီလီယံဖြစ်တဲ့အတွက် Telenor Myanmar Limited အနေဖြင့် SIM Card စုစုပေါင်း ၇၄၄၉၀၀၀ ကျော် ရောင်းချထားပြီး ငွေဖြည့် Card ရောင်းချမှုမှာ ကျပ်သန်း(၉၂.၈၃၅) ဘီလီယံ ဖြစ်ပါတယ်။ SIM Card ရောင်းရငွေ၊ ငွေဖြည့် Card ရောင်းရငွေနှင့် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများမှရငွေ မည်မျှရရှိပြီး၊ အမေရိကန် ဒေါ်လာအဖြစ် မည်မျှပြောင်းလဲ၍ နိုင်ငံခြားသို့ မည်မျှပေးပို့သည်နှင့်စပ်လျဉ်းပြီး ကျွန်တော်တင်ပြ ရရင် ကုမ္ပဏီများအနေဖြင့် ယခုလောလောဆယ်မှာ အဆိုပါရငွေ(ပြည်တွင်းကျပ်)တွေကို သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအသီးသီးမှ ပြန်လည်ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပါတယ်။ Ooredoo Myanmar

Limited နှင့် Telenor Myanmar Limited တို့မှ ရငွေများနှင့်သုံးငွေများကို နှစ်စဉ်အစီရင်ခံ တင်ပြရာတွင် ယခုအချိန်အထိ အရင်းကြေကာလ မရောက်ရှိသေးဘဲ ကုမ္ပဏီများအနေဖြင့် အရင်း စိုက်ထုတ်လုပ်ကိုင်ဆောင်ရွက်ဆဲကာလသာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ဆက်သွယ်ရေး၊ သတင်း အချက်နှင့် နည်းပညာဝန်ကြီးဌာနကအနေနဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ၂၄-၃-၂၀၁၄ မှ ၂၃-၃-၂၀၃၀ အထိ ၁၅ နှစ်၊ Ooredoo Myanmar Limited ကို ၅-၂-၂၀၁၄ မှ ၄-၂-၂၀၂၉ အထိ ၁၅ နှစ်၊ Telenor Myanmar Limited ကို ၅-၂-၂၀၁၄ မှ ၄-၂-၂၀၂၉ အထိ ၁၅ နှစ် အသီးသီး လုပ်ငန်းဆောင်ရွက်ခွင့်ကို ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများအရ လုပ်ကိုင်ခွင့်ပြုထားပြီးတော့ ဥပဒေ၊ နည်းဥပဒေ၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီပါက ဆက်လက်သက်တမ်းတိုး ဆောင်ရွက်ခွင့်ပြုသွားပေးမှာဖြစ်ပါတယ်။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေ သော ကုမ္ပဏီများအနေနဲ့ ဆက်သွယ်ရေးအခြေခံအဆောက်အဦ(Infrastructure)များကို ဝန်ဆောင် မှုပိုမိုကောင်းမွန်စေရန်အတွက် အစဉ်အမြဲဆောင်ရွက်နေရသည့် လုပ်ငန်းအမျိုးအစားဖြစ်ပါတယ်။ အခွန်ကင်းလွတ်သက်သာခွင့်နှင့်စပ်လျဉ်းပြီးတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေနဲ့ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ အော်ပရေတာများအတွက် အခွန်ကင်းလွတ်ခွင့်ကို သုံးနှစ်မှ ငါးနှစ်အထိ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)။** ။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုဖို့တင်ပြလိုပါ တယ်။ ဒုတိယဝန်ကြီးရဲ့ရှင်းပြချက်အရ ဆက်သွယ်ရေး အော်ပရေတာ သုံးခုခွင့်ပြုထားကြောင်း သိရှိရပါတယ်။ အဲဒီမှာ Telenor နှင့် Ooredoo ကတော့ လိုင်းလုံးကြေးအတွက်ကို ၁၅ နှစ်တာ အတွက် ဒေါ်လာသန်း ၅၀၀ ပေးဆောင်ရမယ်လို့ရှိပြီးတော့မှ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေ နဲ့တော့ ပေးဆောင်ရခြင်းမရှိဘူးဆိုတာမျိုး တွေ့ရပါတယ်။ အဲဒီမှာတစ်ခါ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက ဂျပန်ကုမ္ပဏီတစ်ခုနှင့် ဖက်စပ်လုပ်ပြီးတော့ ဆောင်ရွက်နေတယ်လို့လည်းသိရပါတယ်။ အဲဒါဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒီကိစ္စသည် ပြန်လည်သုံးသပ်သင့်တယ်လို့ ပြန်လည်သုံးသပ် ဖို့ရှိ/မရှိ ဒါလေးလည်း ပြန်လည်ပြီးတော့ မေးမြန်းလိုပါတယ်။ ဘာလို့လဲဆိုတော့ နိုင်ငံတော်အနေနဲ့ ရသင့်ရထိုက်တဲ့ငွေတစ်ခုအား ဆုံးရှုံးနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ တစ်ဖက်ကတော့ ဆက်သွယ် ရေးလုပ်ငန်းက ဆက်သွယ်ရေးလုပ်ငန်းသာ ဖြစ်ပါတယ်။ တစ်ဖက်ကတော့ နိုင်ငံတော်အနေနဲ့ ရသင့်တာသာ ဖြစ်ပါတယ်။ ဒါလေးတစ်ခုကို ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်စီမံခန့်ခွဲဖို့

စဉ်းစားနိုင်ရန်ရှိ/မရှိသိရှိလိုပါတယ်။ နောက်တစ်ခုကတော့ နံပါတ်စဉ်အသုံးပြု၍ ကောက်ခံရရှိငွေကို ပြီးခဲ့တဲ့အစည်းအဝေးမှာ လာရောက်ရှင်းလင်းတင်ပြမှုအရ ကျပ်သန်း ၁၁၂.၅ သန်းဆိုပြီး ပြောသွားပါတယ်။ နံပါတ်စဉ်အသုံးပြု၍ ရရှိငွေပဲတွေ့ရပါတယ်။ နှုန်းထားဘယ်လောက်ရှိတယ်ဆိုတာသိရှိလိုပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ အကြမ်းဖျင်းသိရှိရချက်အရဆိုရင်တော့ နည်းများနည်းနေသလားလို့ ဖြစ်နေလို့ပါ။ အဲဒီတော့ နံပါတ်စဉ်အသုံးပြု၍ရရှိငွေတော့ ဖော်ပြထားပါတယ်။ နှုန်းထားမပါပါဘူး။ နောက်လှိုင်းလုံးစီမံခန့်ခွဲမှုဆိုတာလည်းပဲ ကျပ်သန်း ၄၇၅ သန်းဆိုတာ လေးကို တွေ့ရှိရပါတယ်။ အဲဒါနဲ့ပတ်သက်လို့လည်းပဲ ဘယ်လိုနှုန်းထားနှင့်ကောက်ခံပြီးတော့ ဘယ်လိုရတယ်ဆိုတာလေး ပြန်လည်ပြီးတော့ သိရှိလိုပါတယ်။

နောက်တစ်ခုကတော့ ဝန်ကြီး ပထမအစည်းအဝေးမှာ ဒုတိယဝန်ကြီးရဲ့ရှင်းပြချက်အရ ငွေဖြည့် Card တွေကို နိုင်ငံအလိုက် အမျိုးအစားအမျိုးမျိုးရှိတယ်လို့ သိရှိရပါတယ်။ လေ့လာချက်အရလည်း ယနေ့စင်္ကာပူနိုင်ငံမှာရှိတဲ့ ငွေဖြည့်ကတ်တွေကို ဝယ်ယူပြီးတော့ ငွေဖြည့်ရာမှာ စင်္ကာပူဒေါ်လာ ၂၈ ဒေါ်လာ ငွေဖြည့်လို့ရှိရင် အပြည်ပြည်ဆိုင်ရာခေါ်ဆိုမှုအတွက် ၂၈ ဒေါ်လာနှင့် နိုင်ငံအတွင်း ခေါ်ဆိုမှုအတွက် ၁၀၀ ဒေါ်လာဖိုးပြောဆိုခွင့် ရရှိသည်ကို တွေ့ရှိရပါတယ်။ ဆိုလိုသည်မှာ ၂၈ ဒေါ်လာဖိုးပေးသည်ကို ၁၂၈ ဒေါ်လာဖိုးပြောခွင့်ရတယ်လို့ တွေ့ရပါတယ်။ ထို့အပြင် သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့်လည်း ၎င်းတို့ရရှိသော ၂၈ ဒေါ်လာမှ နိုင်ငံတော်သို့ ကုန်သွယ်လုပ်ငန်းခွန် ၇ ရာခိုင်နှုန်းပေးသွင်းသည်ကို တွေ့ရှိရပါတယ်။ ထိုင်းနိုင်ငံမှာလည်း ထိုနည်းတူပင်ဖြစ်သည်ကို တွေ့ရှိရပါတယ်။ သို့ပါ၍ မိမိတို့နိုင်ငံတွင် ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်ခွင့်ရသော ကုမ္ပဏီများကို စင်္ကာပူနိုင်ငံရှိကုမ္ပဏီများနည်းတူ ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်သူများပေးသွင်းသည့်ငွေမှ ကြိုတင်ဖြတ်ယူခြင်းမဟုတ်ဘဲ မိမိဝင်ဆောင်ခရငွေမှ ထုတ်နှုတ်ပေးသွင်းသည့်စနစ်၊ ဥပမာ ကျပ် ၁၀၀၀ ဆိုလို့ရှိရင် ၁၀၀၀ ဖိုးပေးပြောပြီးတော့မှ ၎င်းရရှိ ငွေ ၁၀၀၀ မှ နိုင်ငံသူ/နိုင်ငံသားများရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ပေးသွင်းနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ပေးနိုင်ရန်ရှိ/မရှိနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ဆောင်ခွင့်ရတဲ့ အော်ပရေတာသုံးခုအနက်မှ-----------။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဖြေဆိုနိုင်က ဖြေဆိုပေးပါ။

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊ သတင်းအချက်နှင့် နည်းပညာဝန်ကြီးဌာန)**

။ ။ မေးတဲ့ မေးခွန်းများနှင့်စပ်လျဉ်းပြီးတော့ သီးခြားပြန်လည်ဖြေရှင်းပေးပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သီးခြားပြန်လည်ဖြေရှင်းပေးမည်။

**နိုင်ငံ့ဝန်ထမ်း အမျိုးသမီးများနှင့် ကုမ္ပဏီဝန်ထမ်း၊ လေယာဉ်မယ်ဝန်ထမ်း အမျိုးသမီးများ၏မီးဖွားခွင့် ခံစားခွင့်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံတစ်ဝှမ်းမှာ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြတဲ့ အမျိုးသမီးဝန်ထမ်းများနှင့် ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံတွေနဲ့ လေကြောင်းလိုင်းတွေမှာ တာဝန်ထမ်းဆောင်နေကြရတဲ့ အမျိုးသမီးများအတွက် အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ သို့သော်လည်းပဲ ဇူလိုင် ၃ ရက်နေ့ကို ကျော်လွန်ပြီးတစ်ပတ်မှ ကျွန်မဒီမေးခွန်းကိုမေးမြန်းခွင့်ရရှိတဲ့အတွက် အမျိုးသမီးဝန်ထမ်းများအနေဖြင့် နားလည်ခွင့်လွှတ်ပါလို့ ပထမဦးစွာ တင်ပြလိုပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ (က) နိုင်ငံ့ဝန်ထမ်းအမျိုးသမီးများအတွက် မီးဖွားခွင့်ခံစားခွင့်ကို သိရှိလိုခြင်း၊(ခ) ကုမ္ပဏီဝန်ထမ်းများ၊ လေကြောင်းလိုင်းမှ လေယာဉ်မယ်ဝန်ထမ်းများအတွက် အမျိုးသမီးများရဲ့ခံစားခွင့်များကို သိရှိလိုခြင်းပဲဖြစ်ပါတယ်ရှင်။ ရိုသေလေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ အပိုဒ်(က)အနေနဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းဥပဒေရဲ့ အခန်း(၈)မှာ သတ်မှတ်ထားသော မီးဖွားခွင့်ခံစားခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းအမျိုးသမီးများခံစားခွင့်ရှိသည့် မီးဖွားခွင့်ကို သိရှိလိုခြင်းနှင့် နည်းဥပဒေ ၁၀၁၊ ၁၀၂ တို့ပါ ပြဋ္ဌာန်းချက်များကို နိုင်ငံတစ်ဝှမ်းတာဝန်ထမ်းဆောင်လျက်ရှိသည့် အမျိုးသမီးဝန်ထမ်းငယ်များ သိရှိစေရန် ဖြေကြားပေးပါရန်နှင့် ဒါ့အပြင်ဌာနတစ်ခုမှအခြားဌာနတစ်ခုသို့ ရာထူးတိုးပြောင်းရွှေ့ခြင်း သို့မဟုတ် သာမန်မူလရာထူးဖြင့်ပြောင်းရွှေ့ပါက ထိုမီးဖွားခွင့်ကို အလုပ်စတင်ဝင်ရောက်သည့်နေ့မှ မည်သည့်အချိန်တွင်မီးဖွားခွင့်ခံစားခွင့်ရှိပါသနည်း။ ဥပမာအားဖြင့် အခြား

ဌာနတစ်ခုသို့ ရာထူးတိုးပြောင်းရွှေ့ခြင်း၊ မူလရာထူးဖြင့် ပြောင်းရွှေ့ရာမှာ တစ်လအကြာမှာ မီးဖွားခွင့် ယူခွင့်ရှိ/မရှိ သိရှိလိုခြင်းပဲဖြစ်ပါတယ်။ အပိုဒ်(ခ) ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းများ၊ လေကြောင်းလိုင်းများမှ လေယာဉ်မယ်ဝန်ထမ်းအများစုဟာ မီးဖွားခွင့်နဲ့ပတ်သက်ပြီးတော့ သူတို့တွေမှာ ခံစားခွင့် ဆုံးရှုံးနေကြောင်းသိရှိရပါတယ်ရှင်။ ဒါကြောင့်မို့ ဒီအမျိုးသမီးငယ်များအတွက် မီးဖွားခွင့် ရရှိစေရေး မည်ကဲ့သို့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါသနည်းဆိုပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥပမာအားဖြင့် မီးဖွားခွင့်ယူချိန်မှာ လစာအပြည့်ခံစားခွင့် သို့မဟုတ် လစာတစ်ဝက်ခံစားခွင့် သို့မဟုတ် လစာမဲ့မီးဖွားခွင့် ရရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာကျော်ကျော်ဌေး(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကိုယ်စား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းမှာ ပထမအချက်ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းအမျိုးသမီးများအတွက် မီးဖွားခွင့်နဲ့ပတ်သက်ပြီးတော့ အခုနက ကိုယ်စားလှယ်တော်ကြီး ပြောသွားသလိုပဲ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ ၁၀၁၊ ၁၀၂ နဲ့ အသေးစိတ် ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒီလိုပြဋ္ဌာန်းထားတာကိုလည်းပဲ နိုင်ငံ့ဝန်ထမ်းပါ ဥပဒေပြဋ္ဌာန်းချက်တွေကို ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ဒေသများမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများအပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ဝန်ထမ်းတွေ သိရှိလိုက်နာကျင့်သုံးနိုင်ဖို့အတွက် နိုင်ငံဝန်ထမ်းနည်းဥပဒေတွေကို အုပ်ရေ ၅၀၀၀၀ ခန့်ကို ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံ့

ဝန်ထမ်းနည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေကိုလည်း မီးဖွားခွင့်အပါအဝင် သိသင့်သိထိုက်တဲ့ နည်းဥပဒေတွေကိုလည်း နိုင်ငံပိုင်သတင်းစာနှင့် ဂျာနယ်တွေမှာ ၂၆-၆-၂၀၁၄ ရက်ကနေပြီးတော့ ၂၂-၉-၂၀၁၄ ရက်နေ့အထိ ၃ လခန့် ကောက်နုတ်ဖော်ပြပေးခဲ့ပြီးဖြစ်သလို ရာထူးဝန်အဖွဲ့ရဲ့ Website မှာလည်းပဲ ၂၆-၆-၂၀၁၄ ရက်နေ့မှစပြီးတော့ လွှင့်တင်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မီးဖွားခွင့်ကိစ္စမှာ ဌာနတစ်ခုမှ တစ်ခုသို့ပြောင်းရွှေ့ခြင်း၊ မပြောင်းရွှေ့ခြင်းနှင့် မသက်ဆိုင်ဘဲ ကာယကံရှင် ကိုယ်ဝန်ဆောင်အမျိုးသမီးမှ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၀၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားလာမှုအပေါ် မူတည်ပြီးတော့ ခွင့်ပြုပေးနိုင်တဲ့ အာဏာပိုင်ကနေပြီးတော့ စတင်ခွင့်ပြုတဲ့နေ့ကမှစပြီး မီးဖွားခွင့်ကို ခံစားခွင့်ရရှိမှာဖြစ်ပါကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေနဲ့ မီးဖွားခွင့်ကိုသာမက အခြားသောဝန်ထမ်း အခွင့်အရေးများကိုလည်းပဲ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်သည့်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါအတိုင်း ခံစားခွင့်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

မေးခွန်းဒုတိယအချက်ဖြစ်တဲ့ ကုမ္ပဏီဝန်ထမ်း၊ လေယာဉ်မယ်ဝန်ထမ်းအမျိုးသမီးများရဲ့ မီးဖွားခွင့်နှင့်ပတ်သက်ပြီးတော့ ကုမ္ပဏီဝန်ထမ်းများနှင့် ပုဂ္ဂလိကလေကြောင်းလိုင်းမှ လေယာဉ်မယ်များဟာ နိုင်ငံ့ဝန်ထမ်းများမဟုတ်တဲ့အတွက် ၎င်းတို့ရဲ့မီးဖွားခွင့်ခံစားခြင်းဟာ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိပါ။ သူတို့အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်ကို ညှိနှိုင်းရယူခဲ့ပြီး အဆိုပါဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားတဲ့ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအရ မိမိဆန္ဒအလျောက်မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးပေးသွင်း၍ အာမခံထားသော အလုပ်ဌာနများမှာ လုပ်ကိုင်နေတဲ့ အလုပ်သမား အမျိုးသား၊ အမျိုးသမီးများဟာ ဥပဒေပြဋ္ဌာန်းချက်ပါ အကျိုးခံစားခွင့်များကို နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်ဟူ၍ ပိုင်ဆိုင်မှုကဏ္ဍခွဲခြားခြင်းမရှိဘဲ ရရှိခံစားနိုင်ပါကြောင်း၊ လူမှုဖူလုံရေးဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ တို့အရ အာမခံထားသူအမျိုးသမီးကို ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွားမှုအတွက် မီးမဖွားမီ ၆ ပတ်နှင့် မီးဖွားပြီး ၈ ပတ်၊ စုစုပေါင်း ၁၄ ပတ်ကိုလည်းကောင်း၊ အမွှာကလေးမွေးဖွားပါက ထပ်မံ၍ ရက်သတ္တပတ် ၄ ပတ်၊ ၁၈ ပတ် ကိုလည်းကောင်း မီးဖွားခွင့်အဖြစ် ခံစားခွင့်ရှိပါကြောင်း၊ ငွေကြေးအကျိုးခံစားခွင့်အနေနဲ့ တစ်နှစ်အတွင်း ပျမ်းမျှလုပ်ခရဲ့ ၇၀ ရာခိုင်နှုန်းကို ခံစားခွင့်ရရှိပြီး မီးဖွားစရိတ်အဖြစ် ကလေးတစ်ဦးမွေးဖွားလျှင် လစာ၏ ၅၀ ရာခိုင်နှုန်း၊

အမွှာကလေးမွေးဖွားလျှင် ၇၅ ရာခိုင်နှုန်း၊ သုံးမွှာမွေးဖွားလျှင် ၁၀၀ ရာခိုင်နှုန်း ခံစားခွင့်ရှိပါကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများကို ကျေးဇူးတင်ပါတယ်။ အခုနက ဆက်သွယ်ရေးနဲ့ပတ်သက်လို့ကတော့ ဟိုမေးခွန်းမေးတဲ့ပုဂ္ဂိုလ်က ထပ်ဆင့် ဆက်စပ်မေးခွန်းမေးတာဖြစ်တဲ့အတွက် သူရဲ့မေးခွန်းမေးမြန်းချက်က အဆုံးမသတ်ပဲနဲ့ ကန့်သတ်သတ်မှတ်ထားတဲ့ အချိန်ကျော်လွန်သွားတဲ့အတွက် အသံမကြားလိုက်ရဘူး။ အကယ်၍များ လိုအပ်လို့ရှိရင် မေးခွန်းမေးတဲ့ပုဂ္ဂိုလ်က မိမိရဲ့ဆက်စပ်မေးတဲ့မေးခွန်းကို စာလေးနဲ့ရေးသားပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနကို ပေးပို့ပေးပါ။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က တစ်ဆင့်ပေါ့။ ပြန်လည်တင်ပေးဖို့လိုပါတယ်။ ဒါဆိုရင်တော့ ကျွန်တော်ထင်တယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ပြန်ဖြေနိုင်ပါလိမ့်မယ် ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

## ဘဏ္ဍာရေးဝန်ကြီးဌာနက အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဘဏ္ဍာရေးဝန်ကြီးဌာနက အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဘဏ္ဍာရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအဖြစ် ၁-၉-၂၀၁၄ ရက်နေ့မှစပြီး

ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့ပါသဖြင့် ဖွဲ့စည်းပုံအရ ပုဂ္ဂလိကအာမခံလုပ်ငန်းများ ကြီးကြပ်စစ်ဆေးခြင်းကို ဆောင်ရွက်ရမည်ဖြစ်၍ ဥပဒေနှင့်အညီ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဆောင်ရွက်နိုင်ရန်အတွက် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အား တင်ပြရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော် လေ့လာရေးသို့ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်

ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ၂၉-၆-၂၀၁၅ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာ့အသေးစား ငွေရေးကြေး ရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကို ၁-၉-၂၀၁၄ ရက်နေ့မှစ၍ ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့ပါသဖြင့် ဖွဲ့စည်းပုံအရ ပုဂ္ဂလိကအာမခံလုပ်ငန်းများ ကြီးကြပ်စစ်ဆေးခြင်းကို ဆောင်ရွက်ရမည်ဖြစ်၍ ဥပဒေ နှင့်အညီ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃-၇-၂၀၁၅ ရက်နေ့တွင် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် အပါ အဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂) ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြပါ သည်။

၄။ ဤဥပဒေပြင်ဆင်သည့်ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၅) ပိုဒ်ပါရှိပြီး ယခင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကို ဘဏ္ဍာရေးဝန်ကြီးဌာနဟုပြင်ဆင်ခြင်း၊ မြန်မာ့အာမခံလုပ်ငန်းကို ငွေရေး ကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်းတို့ကြောင့် ခေတ်ကာလနှင့် လျော်ညီမှုရှိစေရန် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော် ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၄-၇-၂၀၁၅ ရက် (အင်္ဂါနေ့) နောက်ဆုံးထားပြီး အမည်စာရင်းသွင်းရန်ဖြစ် ကြောင်း အသိပေးကြေညာပါတယ်။

**ဘဏ္ဍာရေးဝန်ကြီးဌာနက ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဘဏ္ဍာရေးဝန်ကြီးဌာနက ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါ တယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဘဏ္ဍာရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံပိုင်ငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်တဲ့ မြန်မာ့စီးပွားရေးဘဏ်မှ ကျင့်သုံးလျက်ရှိတဲ့ ၁၉၉၂ ခုနှစ်၊ ငွေစုဘဏ်လုပ်ငန်းဥပဒေမှာ လက်ရှိ အခြေအနေနှင့် ကိုက်ညီမှုမရှိသည့်ကိစ္စရပ်များနှင့် အခြားလိုအပ်သော ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား တင်ပြရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပေး ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

## ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ငွေစုဘဏ်လုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာ-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ဘဏ္ဍာရေးဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိသည့် ၁၉၉၂ ခုနှစ်၊ ငွေစုဘဏ်လုပ်ငန်းဥပဒေကို လက်ရှိခေတ်ကာလအခြေအနေနှင့် ဆီလျော်မှုရှိစေရန် ရည်ရွယ်၍ ပြင်ဆင်ရေးဆွဲလာခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃-၇-၂၀၁၅ ရက်နေ့တွင် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ယင်းဥပဒေကြမ်းအား

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဤဥပဒေတွင် အပိုဒ်ပေါင်း (၉)ခုပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

**ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

(ဂ) အပိုဒ် ၂ ခြေဆင်းကို ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၃ နှင့် အပိုဒ် ၄ တို့ရှိ ပုဒ်မ-၇ ဆိုသည့်စကားရပ်ကို ရေးထုံးနှင့်အညီ(-)ကို ဖြုတ်ပြီးပုဒ်မ ၇ ဟု အသီးသီးပြင်ဆင်ပါသည်။

(င) အပိုဒ် ၅ ခြေဆင်းကို ငွေစုဘဏ်လုပ်ငန်း ဥပဒေပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၆ ခြေဆင်းကို ငွေစုဘဏ်လုပ်ငန်း ဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၇ ခြေဆင်းကို ငွေစုဘဏ်လုပ်ငန်း ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၈ ခြေဆင်းကို ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၉ ခြေဆင်းအဖြစ် ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ)၏နောက်တွင် ပုဒ်မခွဲ(ဂ-၁) နှင့်(ဂ-၂) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

**မူကြမ်း**

(ည) အပိုဒ် ၉ ကို အပိုဒ် ၁၀ အဖြစ်ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ပုဒ်မ-၃၂ ဆိုသည့်စကားရပ်ကို ဥပဒေရေးထုံးနှင့်အညီ(-)ကိုဖြုတ်ပြီး ပုဒ်မ ၃၂ ဟုပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၄-၇-၂၀၁၅ ရက် (အင်္ဂါနေ့)နောက်ဆုံး ထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်က ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်က ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်း တင်သွင်းဖို့ လွှတ်တော်အခွင့်အရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်

လွှတ်တော်အခွင့်အရေးကော်မတီကိုယ်စား ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို တင်သွင်းပါ့မယ်။ ဒီဥပဒေကို တင်သွင်းရမယ့်အကြောင်းအရင်းကတော့ အခုအခါမှာ ကျွန်တော်တို့လွှတ်တော်မှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရုံးတွေ သီးခြားဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိ ရုံးဖွဲ့စည်းမှုအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်စေရန်အတွက်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ဥပဒေများနှင့် ညီညွတ်စေရန်အတွက်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရပိုင်ခွင့်နှင့်အခွင့်အရေးများကို ပိုမိုကျယ်ပြန့်စေရန်အတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန်အတွက်လည်းကောင်း ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ဥပဒေ(မူကြမ်း)ကို ရေးဆွဲပြီး ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

## ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လေ့လာရေးအဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား ကော်မတီ၏တာဝန်ပေးအပ်ချက်အရ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

၁။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါသည်။

၂။ လွှတ်တော်ရုံးများကို သီးခြားဖွဲ့စည်းပြီးဖြစ်၍ ပြည်သူ့လွှတ်တော်၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေကြမ်းကို ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၇-၇-၂၀၁၅ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ဤပြင်ဆင်သည့်ဥပဒေကြမ်းကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် သဘောတူခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်က တင်သွင်းသည့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် မိမိတို့ပြင်ဆင်လိုသည့် ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၄-၇-၂၀၁၅ ရက်(အင်္ဂါနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဖိတ်ခေါ်ပါတယ်။

**ဦးမြသိမ်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ကိုယ်စား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ ရာဇဝတ်ကျင့်ထုံးဥပဒေ(The Code of Criminal Procedure) ကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားနိုင်ရန်အတွက် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ တည်ဆဲရာဇဝတ်ကျင့်ထုံးဥပဒေ(The Code of Criminal Procedure,1898) ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ ပြင်ဆင်ဖွဲ့စည်းခဲ့တဲ့ တရားရုံးအဆင့်ဆင့် ဖွဲ့စည်းပုံနှင့် လိုက်လျောညီထွေဖြစ်စေရန်လည်းကောင်း၊ တရားရုံး၏စီရင်ပိုင်ခွင့်အာဏာများနှင့် တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာများကို ခေတ်ကာလအခြေအနေနှင့် လျော်ညီစေရန်လည်းကောင်း၊ ခေတ်နှင့်လျော်ညီမှုမရှိတဲ့ စကားရပ်များ၊ ပြဋ္ဌာန်းချက်များကို ခေတ်နှင့် လျော်ညီစေရန်လည်းကောင်း ရည်ရွယ်၍ ရာဇဝတ်ကျင့်ထုံးဥပဒေ(The Code of Criminal Procedure)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲထားပါတယ်။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ စဉ်းစားဆွေးနွေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(ခ)အရ ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော် များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျာ။

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့လာသော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါသည်။

၂။ ရာဇဝတ်ကျင့်ထုံးဥပဒေကို ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရေး အတွက် ရည်ရွယ်၍ပြင်ဆင်ခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၄-၇-၂၀၁၅ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြု လုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာ စိစစ်ခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**မူကြမ်း**

(၁) ပြင်ဆင်သည့်ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၅၃) ပိုဒ် ပါရှိပါသည်။

(၂) အပိုဒ် ၂ ခြေဆင်းကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄ ဟု ပြင်ဆင်ပါသည်။

(၃) အပိုဒ် ၂ အပိုဒ်ခွဲ (က) ရှိ ပုဒ်မခွဲငယ် (ဗ) ပါ စကားရပ်ကို ပုဒ်မခွဲငယ် (ဗ) တွင် ပါရှိသော ဟုပြင်ဆင်ပါသည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ (ခ) ရှိ 4.(1)(x) စကားရပ်ကို (1)(x) ဟု ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဂ) ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (မ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(1)(y) Session Court or Court of Session in this Code means the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court.

(၆) အပိုဒ် ၂ အပိုဒ်ခွဲ (ဃ) ခြေဆင်းကို ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ်(ယ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဟု ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲငယ်ရှိ and includes စကားရပ်ကို ပယ်ဖျက်ပါသည်။

(၇) အပိုဒ် ၃ ခြေဆင်းကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၄။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

28. Subject to the other provisions of this Code, any offence under the Penal Code may be tried “

(a) by the Supreme Court of the Union, or

(b) by the High Court of the Region or the High Court of the State, or

(c) by the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court, or

(d) by any other court by which such offence is shown in the eighth column of the second schedule to be triable.

မူကြမ်း

(၉) ဤဥပဒေတွင်ပါရှိသော a High Court စကားရပ်များကို the High Court ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၅ ရှိ ပုဒ်မ ၄၁၇ စကားရပ်ကို ပယ်ဖျက်ပြီး a High Court of the Region or a High Court of the State or the Supreme Court of the Union စကားရပ်ကို the Supreme Court of the Union or the High Court of the Region or the High Court of the State ဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၆ အပိုဒ်ခွဲ (က) ခြေဆင်းရှိ စာပိုဒ်ဖြင့် စကားရပ်ကို အတိုင်းဟုလည်းကောင်း၊ အပိုဒ်ခွဲ (က) ရှိ 31.(1) စကားရပ်ကို (1) ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၁၂) ဤဥပဒေတွင်ပါရှိသော a District Court စကားရပ်များကို the District Court ဟုလည်းကောင်း၊ a High Court စကားရပ်များကို the High Court ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၆ အပိုဒ်ခွဲ (ခ) ရှိ ပုဒ်မခွဲ (၂) ပါ စကားရပ်ကို ပုဒ်မခွဲ (၂) တွင် ပါရှိသောဟု ပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၇ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၇။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၂

(က) ပုဒ်မခွဲ (၁) ခြေဆင်းတွင်ပါရှိသော Courts of Magistrates ဆိုသည့် စကားရပ်ကို Courts of Judges ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(၁၅) အပိုဒ် ၇ အပိုဒ်ခွဲ (က) ကို အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲ၏ နောက်တွင် ထို့ပြင် Whipping ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည် စကားရပ်ကို ဖြည့်စွက်ပါသည်။

(၁၆) အပိုဒ် ၈ ရှိ ပုဒ်မ ၃၄ တွင် စကားရပ်ကို ပုဒ်မ ၃၄ တွင် ပါရှိသောဟု ပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၁၁ နှင့် ပုဒ်မ ၁၀ တို့ကို ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့အဖြစ် အသီးသီးပြင်ဆင်ပြီး၊ ယင်းအပိုဒ်တို့ရှိ တို့ပါ စကားရပ်ကို တို့တွင် ပါရှိသောဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၁၁ ကို အပိုဒ် ၁၂ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မခွဲငယ် (၃ ခ) ပါ စကားရပ်ကို ပုဒ်မခွဲငယ် (၃ ခ) တွင် ပါရှိသောဟုလည်းကောင်း၊ ပုဒ်မ ၄၁၀ ပါ

စကားရပ်ကို ပုဒ်မ ၄၁၀ တွင် ပါရှိသောဟုလည်းကောင်း၊ ပုဒ်မခွဲ (၃) ပါ စကားရပ်ကို ပုဒ်မခွဲ (၃) တွင် ပါရှိသောဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၁၆ ကို အပိုဒ် ၁၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မခွဲ (၂) ပါ စကားရပ်ကို ပုဒ်မခွဲ (၂) တွင် ပါရှိသောဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၁၄ကို အပိုဒ် ၁၆ အဖြစ် ပြင်ဆင်ပြီးယင်းအပိုဒ် ခြေဆင်းရှိ တွင် စကားရပ်ကို ပယ်ဖျက်၍၊ အပိုဒ် ၁၄ အပိုဒ်ခွဲ (က) နှင့် အပိုဒ်ခွဲ (ခ) တို့ရှိ ဒုတိယစာပိုဒ် စကားရပ်များကို ဒုတိယအပိုဒ်ဟု အသီးသီး ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၁၄ အပိုဒ်ခွဲ (ဂ) ရှိ ပုဒ်မခွဲငယ် (ည) ပါ စကားရပ်ကို ဒုတိယအပိုဒ် ပုဒ်မခွဲငယ် (ည) တွင် ပါရှိသောဟု ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၁၅ ကို အပိုဒ် ၁၇ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ အောက်ပါစာပိုဒ်ဖြင့် စကားရပ်ကို အောက်ပါအတိုင်း ဟု လည်းကောင်း ၊ 345.(5A) စကားရပ်ကို (5A) ဟု လည်းကောင်း ပြင်ဆင်ပါသည်။

(၂၃) အပိုဒ် ၁၆ ကို အပိုဒ် ၁၈ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ အောက်ပါစာပိုဒ်ဖြင့် စကားရပ်ကို အောက်ပါအတိုင်း ဟု လည်းကောင်း၊ 360.(1) စကားရပ်ကို (1) ဟု လည်းကောင်း ပြင်ဆင်ပါသည်။

(၂၄) အပိုဒ် ၁၈ ကို အပိုဒ် ၂၀ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ပထမခြွင်းချက် စကားရပ်ကို ဒုတိယအပိုဒ်ဟုလည်းကောင်း၊ ဒုတိယခြွင်းချက်ပါ စကားရပ်များကို တတိယအပိုဒ်တွင် ပါရှိသောဟုလည်းကောင်းအသီးသီး ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၁၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၁။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

408. Any Person convicted on a trial held by a Township Judge or an Additional Township Judge or a Deputy Township Judge may appeal to the District Court or the Court of the Self-Administered Division or the Court of the Self-Administered Zone.

(၂၆) အပိုဒ် ၂၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၂။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

409. An appeal to the District Court or the Court of the Self-Administered Division or the Court of the Self-Administered Zone shall be heard by the District Judge or by a Additional District

Judge or Deputy District Judge as the District Judge may make over to him.

(၂၇) အပိုဒ် ၂၁ ကို အပိုဒ် ၂၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အောက်ပါစာပိုဒ်ဖြင့် စကားရပ်ကို အောက်ပါအတိုင်းဟု ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၂၃ ကို ပုဒ်မ ၂၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၂၅ တွင် စကားရပ်ကို ပုဒ်မ ၄၂၅ ဟု ပြင်ဆင်ပါသည်။

(၂၉) အပိုဒ် ၂၃ အပိုဒ်ခွဲ (က) ရှိပုဒ်မခွဲ (၁) ပါစကားရပ်ကို ပုဒ်မခွဲ (၁) တွင် ပါရှိသောဟု လည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၂၃ အပိုဒ်ခွဲ (ခ) ရှိပုဒ်မခွဲ (၂) ပါ စကားရပ်ကို ပုဒ်မခွဲ (၂) တွင် ပါရှိသောဟု လည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၂၄ ကို ပုဒ်မ ၂၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၂၆ တွင် စကားရပ်ကို ပုဒ်မ ၄၂၆ ဟု ပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၂၄ အပိုဒ်ခွဲ (ခ) ရှိပုဒ်မခွဲ (၃) ပါစကားရပ်ကို ပုဒ်မခွဲ (၃) တွင် ပါရှိသော ဟု လည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၂၅ ကို ပုဒ်မ ၂၇ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၃၅ တွင် စကားရပ်ကို ပုဒ်မ ၄၃၅ ဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၂၅ အပိုဒ်ခွဲ (ခ) နှင့် (ဂ) တို့ကို အပိုဒ် ၂၇ အပိုဒ်ခွဲ (ခ) နှင့် (ဂ) အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်တို့ရှိပုဒ်မခွဲ (၁) ပါ စကားရပ်ကို ပုဒ်မခွဲ (၁) တွင် ပါရှိသော ဟု လည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၃၅) အပိုဒ် ၂၉ ကို ပုဒ်မ ၃၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၉၇ တွင် စကားရပ်ကို ပုဒ်မ ၄၉၇ ဟု ပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၂၉ အပိုဒ်ခွဲ (က) နှင့် အပုဒ်ခွဲ (ခ) အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၁။ (က) ပုဒ်မခွဲ (၁) တွင်ပါရှိသော with transportation for life ဆိုသည့် စကားရပ်ကို with imprisonment for life or with unlimited period of imprisonment ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(၃၇) အပိုဒ် ၂၉ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၃၁ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မခွဲ (၅) ပါ စကားရပ်ကို ပုဒ်မခွဲ (၅) တွင် ပါရှိသောဟု ပြင်ဆင်ပါသည်။

(၃၈) အပိုဒ် ၃၀ ကို ပုဒ်မ ၃၂ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၉၈ တွင် စကားရပ်ကို ပုဒ်မ ၄၉၈ ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၃၉) အပိုဒ် ၃၀ အပိုဒ်ခွဲ (က) ကို အပိုဒ် ၃၂ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မခွဲ (၁) ပါ စကားရပ်ကို ပုဒ်မခွဲ (၁) တွင် ပါရှိသောဟု ပြင်ဆင်ပါသည်။

(၄၀) အပိုဒ် ၃၀ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၂။ (ခ) ပုဒ်မခွဲ (၂) ၏ဒုတိယအပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

Provided that no person shall be admitted to bail under this section, unless the Attorney General of the Union or Advocate-General of the Region or the Advocate-General of the State or Public Prosecutor, as the case may be, has had an opportunity of being heard.

(၄၁) အပိုဒ် ၃၄ ကို အပိုဒ် ၃၆ အဖြစ် ပြင်ဆင်ပြီး ယင်းပိုဒ်ရှိ 554.(1) စကားရပ်ကို (1) ဟု ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၃၅ ကို ပုဒ်မ ၃၇ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၅၆၂ တွင်စကားရပ်ကို ပုဒ်မ ၅၆၂ ဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၃၅ အပိုဒ်ခွဲ (က) ကို အပိုဒ် ၃၇ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မခွဲ (၁) ပါ စကားရပ်ကို ပုဒ်မခွဲ (၁) တွင် ပါရှိ သောဟု ပြင်ဆင်ပါသည်။

(၄၄) အပိုဒ် ၃၅ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၃၇ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မခွဲ (၂) နှင့် (၃) ပါ စကားရပ်ကို ပုဒ်မခွဲ (၂) နှင့် (၃) တို့တွင် ပါရှိသောဟု ပြင်ဆင်ပါသည်။

(၄၅) အပိုဒ် ၃၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၈။ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၂ နှင့် စာတိုင် ၇ တို့တွင် ပါရှိသော transportation for life ဆိုသည့် စကားရပ်ကို imprisonment for life ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(၄၆) ဤဥပဒေတွင် ပါရှိသော စာတိုင် ၂ ပါ စကားရပ်များကို စာတိုင် ၂ တွင် ပါရှိသောဟု လည်းကောင်း၊ စာတိုင် ၇ ပါ စကားရပ်များကို စာတိုင် ၇ တွင် ပါရှိသောဟု အသီးသီး ပြင်ဆင်ပါသည်။

(၄၇) အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၃၈၊ ပုဒ်မ ၄၅ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဂ) တို့ကို ပယ်ဖျက်ပါသည်။

(၄၈) အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊အပိုဒ် ၄၉၊ အပိုဒ် ၅၀ နှင့် အပိုဒ် ၅၁ တို့ကို အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ်

၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁နှင့် အပိုဒ် ၅၂တို့အဖြစ် အသီးသီး ပြန်လည်အမှတ်စဉ်ပြီး ယင်းအပိုဒ်များရှိ ပါ စကားရပ်ကို တွင်ပါရှိသော ဟုလည်းကောင်း ပါရှိသော စကားရပ်ကို ပါရှိသည့်ဟု လည်းကောင်းပြင်ဆင်ပါသည်။

(၄၉) အပိုဒ် ၄၃ ကို အပိုဒ် ၄၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၆၃-က(၁) (ဂဂ) စကားရပ်ကို ပုဒ်မ ၂၆၃-က (၁) ဟု ပြင်ဆင်ပါသည်။

(၅၀) အပိုဒ် ၄၉ ကို အပိုဒ် ၅၀ အဖြစ် ပြင်ဆင်ပြီး 3 years စကားရပ်ကို three years ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီးနည်းဥပဒေ ၆၃ နှင့်အညီလွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် ရာဇဝတ် ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးလိုသူများသည် မိမိတို့၏ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၄-၇-၂၀၁၅ ရက်(အင်္ဂါနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော မြန်မာနိုင်ငံကြက်ခြေနီ အသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကြမ်း ကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့ဖြစ် သော ၃-၇-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါ

တယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၇-၇-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင် ချက်အဆိုတင်သွင်းလာတဲ့ကိုယ်စားလှယ် တစ်ဦးမျှမရှိပါ။ ဒါကြောင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့်သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် သက် သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့ဖြစ်သော ၃-၇-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၇-၇-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ကိုယ်စားလှယ် တစ်ဦးမျှမရှိပါ။ ဒါကြောင့် သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသည့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့ဖြစ်သော ၃-၇-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလို ဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်အလိုက်အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက် မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀၊ နည်းဥပဒေခွဲ(ဃ)အရ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၃၈ ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ တမူး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၉-၇-၂၀၁၅ ရက်နေ့မှာ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းခဲ့ကြသော မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်၊ ယင်းမာပင် မဲဆန္ဒနယ်မှ ဦးသောင်းဟန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှအဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြပါတယ်။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၃၈)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ပြင်ဆင်ချက် ကန့်လန့်ဖြတ်ဇယားများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ အမှတ်စဉ် ၁ နှင့် အမှတ်စဉ် ၂ မှာ အမှတ်စဉ် ၁ မှ အမှတ်စဉ် ၇ အထိ ဥပဒေခေါင်းစီး၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ) အဆိုပြု ပြင်ဆင်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ စာမျက်နှာ ၃ နှင့် ၄ မှာရှိတဲ့ အမှတ်စဉ် ၈ မှ အမှတ်စဉ် ၁၅ အထိ အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အခန်း (၃) ခေါင်းစဉ် အပိုဒ် ၄ နှင့်အပိုဒ် ၅၊ အပိုဒ် ၆ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၆ ကို ပယ်ဖျက်ခြင်း။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅ အမှတ်စဉ် ၁၆ မှ ၁၈ အပိုဒ် ၇ နှင့် အပိုဒ် ၈၊ အပိုဒ် ၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆ နှင့် ၇ အမှတ်စဉ် ၁၉ မှ ၂၅ အထိ အပိုဒ် ၁၀၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(က) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ) ကို ပယ်ဖျက် ခြင်း။ အပိုဒ် ၁၁ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)။ ကန့်လန့်ဖြတ် ဇယား စာမျက်နှာ ၈ အမှတ်စဉ် ၂၆ မှ ၂၉ အထိ အပိုဒ် ၁၁ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ)။ အပိုဒ် ၁၅၊ အပိုဒ် ၁၆။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၉ အမှတ်စဉ် ၃၀ မှ ၃၃ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀။

ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၀ အမှတ်စဉ် ၃၄ မှ ၃၈ အထိ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄ ၊ အပိုဒ်၂၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၃၈) ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင် သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ စွမ်းအင်ဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ဒီ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်းအပေါ် အသေးစိတ် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့် စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော်ဦးဆောင်ခဲ့တဲ့ အဖွဲ့ဝင်တွေနဲ့ ဒီဥပဒေကြမ်းအပေါ်မှာ အသေးစိတ်ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးပြီး သဘောတူပြင်ဆင် ဆုံးဖြတ်ချက်များဖြစ်သည့်အတွက် ကျွန်တော်တို့အနေနဲ့ ကန့်ကွက်ရန်မရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကလည်း ကန့်ကွက်ရန်မရှိ သဘော တူကြောင်း တင်ပြသွားပြီးဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေနံ လက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် (၃၈) ချက် အားအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၃၈) ချက်ကို ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။(သြဘာသံများ)

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင် အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စွမ်းအင်ဝန်ကြီးဌာနကတင်သွင်းသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၇၄)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၇၃)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၄) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့ ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။

**မှုကြမ်း**